# သုမောင်

# ကိုစံလွင်-မစော

ဝတ္ထုတိုများ



# ၂၁ ၏ အချစ်ပုံပြင်

## အခန်း(၁)

တည်နေရာ။ ။ မစ္စတာဂစ်တာကဖီး

(ညိုအောင် နှင့် စိမ်းလဲ့)

ညို။ ။ ‘ လဲ့တိုက်ရမှာ နော် . . . ကော်ဖီ ’

လဲ့။ ။ ‘ အင်းပါ ’

ညို။ ။ ‘ ဟုတ်ပါဘူး။ လမ်းဘေးလက်ဖက်ရည်ဆိုင် ဆိုရင်တော့ ကိုယ်တိုက်နိုင် ပါတယ်။ ဒီလိုဆိုင်မျိုးမှာ တော့ ကိုယ်မတတ်နိုင်ဘူး ’

လဲ့။ ။ ‘ အဲဒါတွေ မကြိုက်တာပဲ ညို။ ‘ ညို ’ စကားပြောရင် အထေ့အငေါ့မပါလို့ မပြီး ဘူးလား ’

ညို။ ။ ‘ ကိုယ့်စကားမှာ ဘာအထေ့အငေါ့ပါလို့ လဲ ’

လဲ့။ ။ ‘ ဒီလိုဆိုင်မျိုးဆိုတာလေ ’

ညို။ ။‘အင်းလေ၊ ဈေးကြီးလို့ ကိုယ်လက်လှမ်းမမီတာကို ပြောတာပဲ ’

လဲ့။ ။ ‘ ခက်ပါလားညိုရယ်။ လက်ဖက်ရည်ဆိုင်ကို လက်ဖက်ရည်ဆိုင်လို့ ရိုးရိုးမမြင်ဘဲ ဘာကြောင့်

အဘောင်အခတ်လေးနဲ့ ’

ညို။ ‘ ဘောင်မခတ်ရပါဘူးဗျာ၊ ဒီဆိုင်က ဈေးကြီးတယ်လို့ ရိုးရိုးပြောတာပါ ’

လဲ့။ ‘ ကောင်းပြီ လဲ့မေးမယ်။ ဒီလိုဆိုင်မျိုးမှာ ထိုင်ကြတိုင်း ငွေဘယ်သူရှင်းသလဲ ’

ညို။ ‘ လဲ့ပဲ ရှင်းနေကျလေ။ ဘာလဲ၊ အဲဒီ အတွက် ဂုဏ်ယူနေတာလား ’

လဲ့။ ‘ အဲဒါကိုက အရင်းခံစိတ်နဲ့ ပြောတာ မဟုတ်ဘူး ဆိုတာ ပေါ်နေတယ်’

ညို။ ‘ ကိုယ်က ဆင်းရဲပါတယ် လဲ့’

လဲ့။ ‘ ဆင်းရဲ ချမ်းသာကိစ္စဟာ လက်ဖက်ရည်တစ်ခွက်နဲ့ ဆိုင်လို့ လား’

ညို။ ‘ ဒါပေမဲ့ ကိုယ်တို့ မိသားစုအတွက်တော့ တစ်နေ့စာ ဆန်ဖိုးရပါတယ် ’

လဲ့။ ‘ ဒီလိုဆို လမ်းဘေးလက်ဖက်ရည်ဆိုင်မှာ တစ်နေ့ငါးကြိမ်လောက်ထိုင်မယ့်အစား ဆန်ဝယ်မသွားဘူးလား အိမ်အတွက် ’

ညို။ ‘ ဒါတော့ သက်သက်နှိမ်တာပဲ။ ကိုယ်လည်း ရတန်သလောက် ရှာနေတာပဲ။ လက်ဖက်ရည်ဆိုင်ထိုင်တာလည်း အကြောင်းမဲ့ မဟုတ်ပါဘူး ’

လဲ့။ ‘ ဟုတ်ပါတယ်လေ။ လုပ်ငန်းကိုင်ငန်းလေးများ

အဆင်ပြေမလားလို့ ဆိုပါတော့ ’

ညို။။ ‘ ဟုတ်တယ်။ ဟိုတယ်ကြီးတွေမှာ စီးပွားရေးစကားမပြောနိုင်တော့လည်း ’

လဲ့။။ ‘ ဒါဆို အခု လဲ့နဲ့ ဒီဆိုင်မှာ ထိုင်တာကတော့ အကျိုးမဲ့တယ်ပေါ့ ဟုတ်လား ’

ညို။။ ‘ လဲ့လည်း ခနဲ့ တတ်သားပဲ ’

လဲ့။။ ‘ မခနဲ့ ပါဘူး။ ကိုယ့်ချစ်သူနဲ့ ချစ်စကားတွေပြောနေတာဟာ အကျိုးမရှိလို့ လား ’

ညို။။ ‘ ဒါပေမဲ့ လဲ့ပြောတဲ့ ချစ်စကားတွေမှာ ငွေကြေးကိစ္စ၊ အလုပ်ကိစ္စမပါရင် ဘယ် တော့မှ မပြီးဘူး ’

လဲ့။။ ‘ အချစ်ကိစ္စကို ငွေနဲ့ တိုင်းနေတာ မဟုတ်ဘူး ညို။ ခု လဲ့တို့ ဟာ ချစ်ရုံနဲ့ မပြီးဘူး။ လက်ထပ်ကြမှာ ။ ဒီတော့ နှစ်ယောက်သား ရှေ့ဆက်ရမယ့် ခရီးက ငွေကြေးလို အပ်တာတော့ အမှန်ပဲ ’

ညို။။ ‘ လဲ့လို လက်ရှိအရာရှိသမီးအနေအထားမျိုးတော့ မထားနိုင်သေးဘူးပေါ့လေ။ ဒါပမဲ့ ကိုယ် ကြိုးစားပါ့မယ်။ ထားနိုင်အောင် ကြိုးစားပါ့မယ် ’

လဲ့။။ ‘ ကြိုးစားပါ့မယ်အထိ မပြောပါနဲ့ ညို၊ ကြိုးစားနေတယ်ဆိုရုံလးနဲ့ လဲ့ ကျေနပ် ပါတယ်’

ညို။။ ‘ ဒါပေမဲ့ ကြိုးစားရုံနဲ့ မှ လဲ့ရဲ့ အခြေအနေကို ပုံမှန်ဖြစ်အောင် မလုပ်နိုင်ဘဲ။’

လဲ့။။ ‘ ကြိုးစားရမယ်လို့ ညိုပြောတဲ့ လေသံက ကြိုးစားပြမယ်လို့

ပြောသလိုပဲ။ မခံချင် လို့ ဖြစ်အောင်လုပ်မယ့်သဘော ပေါ်လွင်နေတယ် ’

ညို။။ ‘ ဟုတ်တယ်လေ။ ကိုယ်မခံချင်ဘူး။ လဲ့မိဘတွေက ကိုယ့်ကို ပြောခဲ့သားပဲ။ တို့ သမီးကို ဒီထက်တော့ မနိမ့်ပါးစေချင်ဘူးတဲ့ ’

လဲ့။။ ‘ အဲဒါ မိဘတွေမှာ အပြစ်လား။ တကယ်လို့ လဲ့မိဘတွေဟာ စာရေးစာချီဆိုရင် လည်း အဲဒီ အဆင့်တော့ ထားနိုင်ဖို့ ပြောရမှာ ပါပဲ ’

ညို။။ ‘ ဟုတ်ပါတယ်လေ။ ကိုယ်ဟာ စာရေးစာချီလောက်တောက် ဖြစ်အောင်မလုပ်နိုင် သေးဘူးလို့ ’

လဲ့။။ ‘ ဘယ်လိုလဲ ညို၊ ငေါ့လို့ ဂတော့ အားငယ်ပြန်ပြီလား ’

ညို။။ ‘ တစ်သက်လုံး အားမငယ်ဘူး။ ကြိုးစားမယ်လို့ ပြောပြီးပြီ မဟုတ်လား ’

လဲ့။။ ‘ တစ်ခုခုကို တစ်သမတ်တည်း ကြိုးစားတာ ကောင်းပါတယ် ညို။ ’

ဒါပေမဲ့ ကိုယ်နဲ့ အဆင်ပြေမပြေ စဉ်းစားသင့်တယ်

ညို။။ ‘ ကိုယ်ပြောပြီးပြီပဲ။ အဲဒီ အလုပ်ရမှ လဲ့ကို ခုထက်ပိုပြီး တန်းစေ့ထားနိုင်မယ်လို့ ’

လဲ့။။ ‘ ဖေဖေတို့ ကို စိတ်ဆိုးတိုင်း ညိုထင်ရာမပြောနဲ့ ။ လဲ့ပြောနေတာက အဲဒီ အလုပ်မှ မဟုတ်ဘး။ သင့်ရာတစ်ခုခုလုပ်ရင်း ယောကျ်ားတစ်ယောက်ရဲ့ အားမာန်ကို ပြနိုင် ရင် ဖေဖေတို့ ကို လဲ့ ပြောလို့ ဆိုလို့ ရတာ ပေ့ါ ’

ညို။။ ‘ တစ်ခါလာလည်း ဖေဖေတို့ ၊ နှစ်ခါလာလည်း

မေမေ့သဘောနဲ့ အချစ်ဆိုတာ ဒီအချိန်မှာ မိဘနဲ့ မဆိုင်ဘူးဆိုတာ မေ့နေပြီလား '

လဲ့။ ။ ' တိုက်ရိုက်မဆိုင်ပေမယ့် လဲ့က မြန်မာအမျိုးသမီးပါ။ လဲ့ရဲ့ အချစ်ကို ပေါ့ပေါ့တန် တန် မဖြစ်စေချင်ဘူး '

ညို။ ။ ' ပေါ့တန်တယ်၊ လေးနက်တယ်ဆိုတာ အချစ်နဲ့ ဆိုင်သလား '

လဲ့။ ။ ' အိမ်ထောင်ရေးနဲ့ တော့ ဆိုင်တယ် ညို '

ညို။ ။ ' ဒါဆို လက်မထပ်ဘဲနေကြရုံပေါ့ '

လဲ့။ ။ ' ဘာလဲ အတူနေချစ်သူလား။ လဲ့ဟာ တန်ဖိုးမဲ့တဲ့ မိန်းကလေး မဟုတ်ဘူး '

ညို။ ။ ' လဲ့ကို ဒီလောက်ထိ မပြောရဲပါဘူး။ မော်ဒန်ဘ၀ '

လဲ့။ ။ ' ဘာမော်ဒန်လဲ။ ဘုရားပေါ်ကို ရေကူး၀တ်စုံနဲ့ တက်ခိုင်းမလို့ လား '

ညို။ ။ ' မနှိုင်းကောင်းနှိုင်းကောင်း လဲ့ရယ်။ ကိုယ်ပြောတာက ချစ်ရုံချစ်နေကြဖို့ ပါ '

လဲ့။ ။ ' အိုးအိမ်ထူထောင်ဖို့ ထည့်မစဉ်းစားတော့ဘူးလား '

ညို။ ။ ' ဒါကြောင့် ကြိုးစားနေတယ်ပြောပါရော '

လဲ့။ ။ ' ညို စကားတွေက လုပ်နေပြီ။ လဲ့ ရှင်းရှင်းပဲမေးမယ်။ ဘယ်လောက် စောင့် ရမှာ လဲ '

ညို။ ။ ' အခြေအနေအရပဲ လဲ့ '

လဲ့။ ။ ' ဘာအခြေအနေလဲ။ စီးပွားရေးအခြေအနေလား၊ ပညာရေးအခြေအနေလား '

ညို။။ ‘ နှစ်ခုစလုံးပဲ လဲ့ ’

လဲ့။။ ‘ ပညာရေးအခြေအနေကတော့ ဟုတ်ပါပြီ။ ဘွဲ့ရဖို့ အလွန်ဆုံးစောင့်ရ လေးနှစ် ပေါ့။ စီးပွားရေးအခြေအနေက ’

ညို။။ ‘ ဘာကြောင့်လောနေတာလဲ လဲ့။ အခုရေတွင်းတူး အခုရေကြည်သောက်ချင် လို့ လား ’

လဲ့။။ ‘ ရေကြည် ရမရ သိဖို့ လိုတယ် ’

ညို။။ ‘ ကိုယ်က ရေတွင်းတူးသမား မဟုတ်ဘူး ’

လဲ့။။ ‘ စကားကို ကပ်ဖဲ့မပြောနဲ့ ညို။ ဒီကနေ့ဟာ အရာရာမှာ အထိုက်အလျောက် တတ်သိနေရမယ် ’

ညို။။ ‘ ကောင်းပြီ။ ဒါဆိုရင် ကိုယ်တစ်ခုခု အမြန်လုပ်မယ်။ လဲ့ လက်ခံမလား ’

လဲ့။။ ‘ တွေ့ကရာလုပ်လို့ တော့ ရမလား ညို’

ညို။။ ‘ ဒါကြောင့် လဲ့ကို ဖောက်ပြန်တဲ့ သမီးပျိုလို့ ပြောတာပေါ့ ’

လဲ့။။ ‘ ဖေဖေတို့ ကို ဆွဲမထည့်နဲ့ ။ ဖေဖေတို့ ဟာ သာမန်အရာရှိပဲ။ ပြီးတော့ ခုခေတ်မှာ ဖောက်ပြန်တာတွေ တိုးတက်တာတွေ မရှိတော့ဘူး။ ရိုးသားမှုပဲ လိုတယ် ’

ညို။။ ‘ ကိုယ်က မရိုးသားဘူးလား။ ဆင်းရဲပေမယ့် ရိုးသားပါတယ် လဲ့ ’

လဲ့။။ ‘ လူဆင်းရဲတိုင်းလည်း မရိုးသားပါဘူး။ လူချမ်းသာတိုင်းလည်း မကောက်ကျစ်ပါ ဘူး။ လဲ့တို့လို သာမန်လူတွေဟာလည်း ရိုးသားပါတယ်လို့ မပြောနိုင်ပါဘူး ’

ညို။။ ‘ ဒါဆို ရိုးသားတဲ့ လူ လောကမှာ မရှိတော့ဘူးပေါ့ ’

လဲ့။။ ‘ ဒါပေမဲ့ အဲဒီ လူသုံးမျိုးစလုံးမှာ ရိုးသားတဲ့ လူတွေ ရှိကြပါတယ်လို့ ပြောတာပါ ’

ညို။။ ‘ ကိုယ်က ရိုးသားပါတယ်၊ ကြိုးစားပါတယ် လဲ့’

လဲ့။။ ‘ ခက်တာက မတိုးပွားတာပဲ ညို’

ညို။။ ‘ ဘာလဲ လဲ့တို့ နဲ့ တန်းတူလောက်တိုးပွားမှ လက်ထပ်မှာ တဲ့ လား လဲ့’

လဲ့။။ ‘ ရိုးရိုးသားသားပြောရရင် လဲ့ကို ရှေ့ကဦးဆောင်နိုင်ရင်တော့ အကောင်းဆုံးပဲ။ ဒီလိုပြောလို့ ညို့ကို မှီခိုချင်နေတယ်တော့ မထင်လေနဲ့ ။ လဲ့ကလည်း ကြိုးစားနေ မယ့် မိန်းမတစ်ယောက်ဆိုတာ သိပါ ’

ညို။။ ‘ ပြန်ကြစို့ လဲ့’

လဲ့။။ ‘ ခဏခဏလည်း မတွေ့ပါရစေနဲ့ ညို ’

* * *

## အခန်း(၂)

တည်နေရာ။။ ဆာကူရာမျှော်စင်အပေါ်ဆုံးထပ် ကော်ဖီဆိုင်

(ကိုစံလွင် နှင့် စိမ်းလဲ့)

စံ။။ ‘ ကျွန်တော် ပြုစုပါရစေနော်’

လဲ့။။ ‘ ဟင်း ဟင်း ကျွန်မလည်း မတတ်နိုင်ပါဘူးရှင် ’

စံ။။ ‘ ကျွန်တော် ရိုးရိုးသားသား ပြောတာပါဗျာ ’

လှဲ့။။ ‘ ကျွန်မကလည်း မထွေ့တတ် မငေါ့တတ်ပါဘူးရှင် ’

စံ။။ ‘ မလှဲ့စိတ်ထားကို ကျွန်တော် သိပါတယ်ဗျာ ’

လှဲ့။။ ‘ အရမ်းကြီးလည်း အထင်မကြီးလိုက်ပါနဲ့ ဦးရှင်။ ကျွန်မလည်း သာမန်ပုထုဇဉ် တစ်ယောက်ပါ။ တစ်ခါတလေလည်း ဘဝင်မြင့်တတ်ပါတယ်။ တစ်ခါတလေတော့ သိမ်ငယ်တတ်တယ် ’

စံ။။ ‘ ဒီလိုလည်း မဟုတ်သေးဘူးဗျ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တာကို ရိုရိုကျိုးကျိုး ဆက်ဆံတာမျိုးလည်း ရှိတတ်ပါတယ် ’

လှဲ့။။ ‘ ကိုစံလွင်က အကောင်းမြင်တတ်တယ်နော်’

စံ။။ ‘ နေရာတိုင်းတော့ မဟုတ်ပါဘူးဗျာ ’

လှဲ့။။ ‘ ကျွန်မမို့လို့ အကောင်းမြင်ပေးတာလား ’

စံ။။ ‘ ဟဲ ဟဲ ဖြစ်နိုင်တယ်ဗျ။ ကျွန်တော်က မလှဲ့ကို . . . ’

လှဲ့။။ ‘ ရှင့်စိတ်ထဲမှာ အပိုင်တွက်ထားပြီလားဟင် ’

စံ။။ ‘ ဟာ ဒီလိုမဟုတ်ပါဘူး။ ခုကိစ္စက လူကြီးချင်း နားထောက်ထားရုံ ရှိပါသေးတယ် ’

လှဲ့။။ ‘ ကျွန်မ မိဘဘက်ကတော့ သဘောတူတဲ့ အဆင့်ပဲ ရှိပါသေးတယ်နော်။’

စံ။။ ‘ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ကျွန်တော် စကားပြော လောကြီးသွားတာပါ။ ဆောရီးပါ ’

လှဲ့။။ ‘ ဒါပေမဲ့ ကျွန်မ ခုလို ကိုစံလွင်နဲ့ နှစ်ယောက်တည်း ကော်ဖီဆိုင် ထိုင်တယ်ဆို တော့လည်း ကျွန်မဘက်ကပါ မဲရနေပြီလို့

မထင်မိဘူးလား '

စံ။ ။ ' မထင်မိတာမဟုတ်ပါဘူးဗျာ။ မထင်ရဲတာပါ '

လဲ့။ ။ ' ကျွန်မက ကြောက်စရာကောင်းလို့ လား '

စံ။ ။ ' မဟုတ်ပါဘူး။ လေးစားမိတာပါ '

လဲ့။ ။ ' ဒါတော့ ကျွန်မ ကျေနပ်တယ်။ မိန်းကလေးတစ်ယောက်ကို လေးစားရ ကောင်းမှန်းသိလို့ '

စံ။ ။ ' ကျွန်တော်က ဘယ်သူဖြစ်ဖြစ် တလေးတစား ဆက်ဆံတတ်ပါတယ် '

လဲ့။ ။ ' ကိုစံလွင်ရဲ့ အလုပ်သမားတွေကိုရော '

စံ။ ။ ' ခက်သားလားဗျာ။ တချို့က ရင်းရင်းနှီးနှီး ဆက်ဆံရင် ရောင့်တက်ချင်ကြတယ်။ ဒီတော့ တစ်ခါတလေ အော်ရငေါက်ရတယ် '

လဲ့။ ။ ' အဲ ပြောထားရဦးမယ်။ ကျွန်မက အော်တာငေါက်တာ မကြိုက်ဘူးနော် '

စံ။ ။ ' ဟာ ဒါတော့ စိတ်ချပါ '

လဲ့။ ။ ' အရမ်းကတိမပေးနဲ့ လေ။ ခုဟာက နှစ်ဦးသား ဆွေးနွေးနေတုန်းကာလလေ။ မတော်တဆ အိမ်ထောင်သည် ဖြစ်သွားမှ သြော် . . . ယောင်လို့ ယောင်လို့ '

စံ။ ။ ' ဟဲ ဟဲ၊ ခု ကျွန်တော်တို့ ဆွေးနွေးနေကြတာလည်း အိမ်ထောင်ရေးကိစ္စ မဟုတ်ဘူး လားဗျ။ ဘာကြောင့် ယောင်လို့ တွေ ဘာတွေ လုပ်ရမှာ လဲ'

လဲ့။ ။ ' ဟုတ်တယ်လေ။ သေမှ မသေချာသေးတာ '

စံ။ ‘ ကျွန်တော့်သဘောကတော့ ခုလို ဒူးတိုက်ဆွေးနွေးရင်း၊ ကန်တော့နော်။ တစ် ယောက်သဘော တစ်ယောက် ညှိကြရင်း အဖြေထွက်လာမလားလို့ ပါ ’

လဲ့။ ‘ အဖြေက No ဆိုရင်ရောရှင် ’

စံ။ ‘ ဟာ ကျွန်တော့်ဘက်ကတော့ Yes ပါပဲ ’

လဲ့။ ‘ သေချာရဲ့ လားရှင်။ တော်နေကျမှ ရှင်မကြိုက်တဲ့ အပြုအမူတွေ ကျွန်မမှာ ရှိနေ ရင်။ ဥပမာ- ကျွန်မက ခဏခဏ စိတ်ကောက်တတ်တာမျိုး ’

စံ။ ‘ ခွင့်လွှတ်သင့်ရင် ခွင့်လွှတ်ရမှာ ပေါ့လေ ’

လဲ့။ ‘ နော့ ခွင့်မလွှတ်နိုင်ရင်ရော ’

စံ။ ‘ နားရင်းရိုက်ရုံပေါ့။ ဟား ဟား ဟား ’

လဲ့။ ‘ စကား စကား ပြောဖန်များ စကားထဲက ဇာတိပြတဲ့ နော် ’

စံ။ ‘ ရယ်စရာ ပြောတာပါဗျာ။ ကျွန်တော် မိကောင်းဖခင်သားသမီးပါ။ ခေတ်ပညာ တတ် လူယဉ်ကျေးတစ်ယောက်ပါ။ မိန်းမရိုက်တာ ကျွန်တော် မထောက်ခံပါဘူး ’

လဲ့။ ‘ ဘာရယ် မိန်းမ ဟုတ်လား ’

စံ။ ‘ ဟုတ်ပါတယ်။ နော့ မလဲ့က အမျိုးသမီးမဟုတ်လား ’

လဲ့။ ‘ ကိုစံလွင်က စကားတတ်သားပဲ။ ပညာတတ်ကြီးမို့ ထင်ပါရဲ့ ’

စံ။ ‘ မလဲ့လည်း ဘွဲ့ရတစ်ယောက်ပါပဲလေ ’

လဲ့။ ‘ ကျွန်မဘွဲ့က ရိုးရိုးဘွဲ့ပါ။ ကိုစံလွင်လို နိုင်ငံခြားက ယူလာတဲ့

ဘွဲ့မှ မဟုတ်တာ’

စံ။။ ‘ ကျွန်တော့်ကိုယ်တွေ့ကတော့ ဘွဲ့ဆိုတာ ပညတ်ပါ။ တကယ်က လူတစ် ယောက်ရဲ့ ဦးနှောက်အဆင့်အတန်းကသာ ပညာပါ ’

လှဲ့။။ ‘ ဒါပေမဲ့ ကျွန်မကတော့ တက္ကသိုလ်ပညာကို အများကြီး သင်ချင်သေးတာ ’

စံ။။ ‘ နောင်တစ်ချိန်ကျတော့ ဆက်သင်ခွင့်၊ အဲလေ ဆက်သင်ချင်သင်ပေ့ါဗျာ ’

လှဲ့။။ ‘ ပြီးတော့ ရှိသေးတယ်ရှင့်။ ကျွန်မက မတော်တဆပေ့ါရှင်။ နောက်တစ်ချိန်ကျရင် လက်ရှိ ကျွန်မလုပ်နေတဲ့ အလုပ်ကလေးကိုလည်း ဆက်လုပ်ချင်တာ ’

စံ။။ ‘ လုပ်ပေ့ါဗျာ။ မိန်းမသားတွေ အလုပ်လုပ်နေတာ ကျွန်တော် သဘောတူတယ်။ ကြွန္တြေတစ်ပါးလို့ ထင်တယ်။ ကျွန်တော့်ကုမ္ပဏီမှာ လည်း အမျိုးသမီးဝန်ထမ်းတွေ အများကြီးပါတယ် ’

လှဲ့။။ ‘ အို . . . ကျွန်မက ရှင်တို့ ကုမ္ပဏီမှာ တော့ မလုပ်ချင်ဘူးနော်။ ကျွန်မက ကိုယ်ရ ထားတဲ့ ဘွဲ့နဲ့ ဆိုင်တဲ့ အလုပ်ပဲ လုပ်ချင်တာ ’

စံ။။ ‘ သဘောပါပဲဗျာ။ ပြီးတော့ မလှဲ့လုပ်နေတဲ့ ကုမ္ပဏီနဲ့ ကျွန်တော့်ကုမ္ပဏီလည်း အဆက်အဆံရှိပါတယ် ’

လှဲ့။။ ‘ အဲဒါကိုလည်း စိုးရိမ်မိတယ်ရှင့်။ ကိုစံလွင်တို့ ကုမ္ပဏီကြီးက ကြီးမားတယ်လေ ’

စံ။။ ‘ ဟာ အဲသလိုလက်ဝါးကြီးအုပ်တဲ့ အလုပ်မျိုး ကျွန်တော် မလုပ်တတ်ပါဘူး ’

လဲ့။ ‘ ကျွန်မကတော့ ပိုက်ဆံရှိတဲ့ သူတွေဟာ ပိုပြီး ချမ်းသာချင်ကြတယ် ထင်တာပဲ ’

စံ။ ‘ ကျွန်တော် ရိုးရိုးပြောမယ်နော်။ မချမ်းသာချင်တဲ့ သူ ဘယ်သူရှိမှာ လဲဗျာ ’

လဲ့။ ‘ ပိုမချမ်းသာချင်တဲ့ သူတွေတော့ ရှိတယ်ရှင့် ’

စံ။ ‘ မလဲ့ရယ် ကျွန်တော်နဲ့ ကျွန်တော့်မိသားစုအကြောင်း မလဲ့ သိတန်သလောက် သိပြီးသားပါ ’

လဲ့။ ‘ ဟုတ်ပါတယ်လေ။ မျိုးနဲ့ ရိုးနဲ့ ချမ်းသာခဲ့တယ်။ လက်ရှိလည်း ချမ်းသာနေတယ်။ တစ်ဦးတည်းသောသားဖြစ်တဲ့ ကိုစံလွင်က အမွေအကုန်လုံးရမယ်။ ပြီးတော့ . . . ’

စံ။ ‘ ကိုင်းဗျာ။ ဒါဆို ကျွန်တော် ဒီ့ထက်ချမ်းသာဖို့ လိုသေးလား ’

လဲ့။ ‘ ထားပါတော့လေ။ ကိုစံလွင်က ဒီ့ထက်မချမ်းသာချင်တော့ဘူးပဲ။ အင်း ကျွန်မက တော့ လက်ရှိကျွန်မရဲ့ အခြေအနေထက် ပိုမချမ်းသာချင်တာ အမှန်ပါပဲ ’

စံ။ ‘ ဒါကတော့ဗျာ။ လင်နဲ့ မယားဖြစ်လာရင် . . . အဲလေ ဆောရီးနော်။ ဥစ္စာပစ္စည်း ဆိုတာ နှစ်ဦးပိုင်ပဲပေါ့ ’

လဲ့။ ‘ ကျွန်မကတော့ မမက်ရိုးအမှန်ပဲ။ လက်ရှိ နေနိုင်၊ စားနိုင်၊ လှူနိုင်တဲ့ ဘဝကိုပဲ စိတ်ချမ်းသာတယ် ’

စံ။ ‘ ဒါဆို ခုနှယ် . . . မလဲ့ သိန်းငါးရာဆုပေါက်ရင်ကော’

လဲ့။ ‘ ဒါက ကျွန်မပိုက်ဆံလေ ’

စံ။ ‘ ကဲပါဗျာ။ အိမ်ထောင်ကျလို့ သားသမီးတွေ . . . ’

လဲ့။ ။ ‘ ကိုစံလွင် စကားကြည့်ပြောပါနော် ’

စံ။ ။ ‘ ဆောရီးဗျာ။ ကျွန်တော်က ဖြစ်လာနိုင်တဲ့ တရားသဘောကို ပြောမိတာပါ။ ဘာပဲဖြစ်ဖြစ်ဗျာ။ ရှေ့ရေးကိုတော့ တွေးသင်ပါတယ် ’

လဲ့။ ။ ‘ ဒီမှာ ကိုစံလွင် အခု ရှင်ချမ်းသာသမျှတွေရော မြဲမယ်ထင်သလား ’

စံ။ ။ ‘ စီးပွားဥစ္စာတွေက မြဲသည့်တိုင်အောင် အခု မလဲ့နဲ့ လမ်းခွဲပြီး အ ပြ န် မှာ ကျွန်တော်ဟာ ရတ်တရက် သေချင်သေသွားနိုင်တာ ကျွန်တော် သဘောပေါက် ပါတယ် ’

လဲ့။ ။ ‘ အို . . . ရှင်၊ နိမိတ်မရှိ နမာမရှိ ’

စံ။ ။ ‘ ဟာ ကျေးဇူးတင်လိုက်တာဗျာ။ မလဲ့ ကျွန်တော့်အတွက် စိတ်ပူတတ်သားပဲ ’

လဲ့။ ။ ‘ ဟာ ဒါကတော့ မိတ်ဆွေလိုပြောတာပါ ’

စံ။ ။ ‘ ကောင်းပြီဗျာ။ ဒါဖြင့် ဟောဟိုစားပွဲက ပုဂ္ဂိုလ်ကြီးကိုရော မလဲ့ စိတ်ပူပေးနိုင် မလား ’

လဲ့။ ။ ‘ အမိပွာယ်မရှိတာရှင်။ လူတိုင်းအတွက် စိတ်ပူနေရရင် ခက်ခက်ရချည့် ’

စံ။ ။ ‘ ဒါပါပဲဗျာ။ စောစောကပြောတဲ့ ဥစ္စာခနတို့ ၊ ပညာရေးတို့ ၊ အိမ်ထောင်ရေးတို့ ဆို တာ သင်္ခါရတွေပါ။ တကယ်တော့ မေတ္တာတရားကသာ ထာဝရပါ ’

လဲ့။ ။ ‘ အောင်မယ်။ စိတ်ပူမိတာလေးနဲ့ တင် မေတ္တာဖြစ်ရောတဲ့ လား ’

စံ။။ ‘ ခု ဆွေးနွေးနေကြတာ အိမ်ထောင်ရေးပါဗျာ။ မေတ္တာတရားက အခြေခံပါတယ် ’

လှဲ့။။ ‘ မေတ္တာကတော့ လူတိုင်းအပေါ် ထားနိုင်ပါရဲ့ ရှင် ’

စံ။။ ‘ ဒါဆို ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ အချစ် ဗျာ ’

လှဲ့။။ ‘ အို ကျွန်မက ချစ်တယ်လို့ လည်း မပြောဖူးပါလား ’

စံ။။ ‘ ကျွန်တော်ကတော့ လူကြီးတွေမိတ်ဆက်ပေးကတည်းက ချစ် ချစ်အဲ ’

လှဲ့။။ ‘ ပြောနိုင်ပါတယ်ရှင်။ ဒါ ရှက်စရာမဟုတ်ပါဘူး။ ကျွန်မလည်း ပွင့်ပွင့်လင်းလင်း ပြောထားပါမယ်။ ကျွန်မမှာ ချစ်သူရှိတယ် ’

စံ။။ ‘ ဗျာ ’

လှဲ့။။ ‘ အံ့သြသွားတာလား။ စိတ်ညစ်သွားတာလားရှင်’

စံ။။ ‘ ရိုးရိုးပြောရရင် မနာလိုဖြစ်သွားတာဗျ ’

လှဲ့။။ ‘ အလို ကျွန်မက နှစ်ယောက်စလုံးကို လက်ခံထားတာမှ မဟုတ်တာ။ ကိုစံလွင် ကိုဆိုရင် အိမ်ထောင်ဖက်အဖြစ် ရွေး မရွေး စဉ်းစားနေတုန်းပါ ’

စံ။။ ‘ ကျွန်တော်ဆိုလိုတာက ကျွန်တော့်ထက်ဦးသွားသူရှိနေလို့ မနာလိုဘူးလို့ ပြော တာပါ ’

လှဲ့။။ ‘ ဒါပေမဲ့ သူ့ကို လက်ထပ်မယ်လို့ မပြောခဲ့သေးပါဘူး။ ဒီလိုပြောလို့ ငါးရံ့နှစ် ကောင် ဖမ်းတယ်လို့ မထင်စေချင်ဘူးနော် ’

စံ။။ ‘ သဘောပေါက်ပါတယ်။ ချစ်တာနဲ့ လက်ထပ်တာ တခြားစီဆိုတာ လက်ခံပါ တယ် ’

လွဲ။။ ‘ အို ကျွန်မက မချစ်ဘဲနဲ့ လည်း လက်မထပ်ချင်ဘူးလေ။ ခုဟာက မိဘတွေရဲ့ စိတ်ချမ်းသာဖို့ အတွက် ထည့်ပြီး စဉ်းစားပေးနေတာပါ ’

စံ။။ ‘ ကျွန်တော့အပေါ် မေတ္တာတုံ့ပြန်လို့ မရဘူးလား ’

လွဲ။။ ‘ မေတ္တာထားနိုင်လောက်အောင် ကြိုးစားပ့ါမယ်။ ဒါပေမဲ့ စောစောကပြောသလို ငွေကြေးဥစ္စာတွေကြောင့် မဟုတ်ဘူး နော် ’

စံ။။ ‘ ကျွန်တော်ပြောခဲ့ပြီးပြီပဲဗျာ။ အဲဒါတွေက ပညတ်တွေပါလို့ ’

လွဲ။။ ‘ လိုတော့ လိုအပ်တယ်လို့ တော့ ရှင်ထင်တယ်မှတ်လား ’

စံ။။ ‘ ဒီနေ့ တစ်ကမ္ဘာလုံးက စီးပွားရေးကို အဓိကထားနေကြပါတယ်။ မလွဲရယ် ’

လွဲ။။ ‘ ခက်တာက အဲဒီ အယူအဆကို ကျွန်မက လက်မခံနိုင်တာပါပဲ ’

စံ။။ ‘ ခက်ပါလား မလွဲရယ်။ ကျွန်တော့်မှာ ငွေကြေးချမ်းသာတယ်။ ပညာတွေတတ် တယ်။ ရိုးရိုးသားသားပဲ အလုပ်လုပ်နေတယ်။ ပြောရရင် ကျွန်တော့်မှာ ရည်းစား တောင် မရှိခဲ့ပါဘူး ’

လွဲ။။ ‘ အဲဒီ လောက် ပြည့်စုံနေတော့လည်း ကြောက်တယ်ရှင့် ’

စံ။။ ‘ ဘဂပေးကံကောင်းသူလို့ ပဲ သဘောထားလို့ မရဘူးလား ’

လွဲ။။ ‘ နော့ စောစော့ကပြောတော့ ဥစ္စာပစ္စည်းဆိုတာ ပညတ်ဆို မမြဲပါဘူးဆို ’

စံ။။ ‘ ဟုတ်တယ်လေ။ အဲဒီ တော့ တစ်နေ့မှာ ကျွန်တော် မွဲချင်ရင် မွဲသွားမယ်။ အဲဒီ အခါ လက်တွဲနိုင်မနိုင်ဆိုတာ မလွဲ စဉ်းစားရမှာ ပါ။

ကျွန်တော့်ဘက်ကတော့ မလဲ့ ဘယ်အခြေအနေရောက်ရောက် လက်ထပ်မှာ ပါ။ ချစ် . . . အဲ . . . ချစ်မှာ ပါ။’

လဲ့။။။ ‘ ပြောကြတာပါပဲလေ။ ပြောအားလည်း ရှိတာကိုး’

စံ။။။ ‘ ခက်ပါလား မလဲ့ရယ်။ တစ်ခါလာလည်း စီးပွားဥစ္စာ၊ တစ်ခါလာလည်း ဒီဘွဲ့တွေ ဂုဏ်ထူးတွေ ကျွန်တော်တော့ မလဲ့ကို မစဥ်းစားတတ်တော့ဘူး’

လဲ့။။။ ‘ ကျွန်မကိုယ်ကျွန်မတောင် ပိုက်ဆံချမ်းသာတဲ့ လူတွေကို ဘာကြောင့် ကြောက် နေတယ်ဆိုတာ စဉ်းစားလို့ မရတော့ဘူး ’

စံ။။။ ‘ ကျွန်တော် ရှင်းရှင်းပဲမေးမယ်။ ကျွန်တော့်ရှိသမျှတွေစွန့်ပြီး မလဲ့နဲ့ တစ်တန်း တည်း နေပြရမလား ’

လဲ့။။။ ‘ ဒါ ဖြစ်မှ မဖြစ်နိုင်တာ ’

စံ။။။ ‘ ကဲဗျာ ဒါဆို မလဲ့က ဘာဖြစ်စေချင်တာလဲ ’

လဲ့။။။ ‘ ဟော ပြောရင်းက ဒေါသသံ ပါ လာပြီ ’

စံ။။။ ‘ ခက်ပါလား မလဲ့ရယ် ’

လဲ့။။။ ‘ အချစ်ရေးဆိုတာ ခက်မှာ ပါပဲ ကိုစံလွင်ရယ် ’

စံ။။။ ‘ ကဲပါဗျာ။ ကျွန်တော်လည်း အည်းအဝေးရှိသေးတယ်။ နောက်တစ်ကြိမ် တွေ့ ကြသေးတာပေါ့ ’

လဲ့။။။ ‘ ကောင်းပါပြီရှင်။ ကိုစံလွင့်အစည်းအဝေးက အရေးကြီးတာကိုး’

စံ။။။ ‘ ဟူး . . . . . . . . ’

* * *

# အခန်း(၃)

တည်နေရာ။။လမ်းဘေးလက်ဖက်ရည်ဆိုင်

(ညိုအောင်တစ်ယောက်တည်း စိတ်ကူးဖြင့် ပြောဆိုနေ)

ညို။။ ‘ ငါဆင်းရဲနေတာကပဲ အပြစ်တစ်ခုဖြစ်နေပြီလား’

တည်နေရာ။။ မစ္စတာဂစ်တာကဖေး

(စိမ်းလဲ့တစ်ယောက်တည်း စိတ်ကူးဖြင့် စကားပြောနေ)

လဲ့။။ ‘ ဆင်းရဲတာ ချမ်းသာတာနဲ့ ရိုးသားမှု ဆိုင်သလား ’

တည်နေရာ။။ ဆာကူရာအပေါ်ဆုံးထပ် ကဖေး

(ကိုစံလွင်တစ်ယောက်တည်း စိတ်ကူးဖြင့် စကားပြောနေ)

စံ။။ ‘ အင်း ငါချမ်းသာမိလို့ အချစ်ကို မရတော့ဘူးလား ’

မှတ်ချက်-

ဤဂတ္တုရေးဟန်မှာ အသစ်အဆန်း မဟုတ်ဘူး ။ ၁၉၇၄ က ရှုမဂမဂ္ဂဇင်းတွင် ‘စနေချစ်သူ’ဟူ၍ စကားပြောဟန်ဖြင့် ရေးဖူးပါသည် ။

* * *

# ပန်းရဲ့ ရိုက်ချက်

မိုးက သဲသဲမဲမဲ ရွာနေတယ်။ တစ်ဖက်ရပ်တဲကလေးပေမယ့် မဆိုးပါဘူး။ ဖွင့်ထား တဲ့ ဘက်ပဲ မိုးရေနည်းနည်း စဉ်တယ်။ လေမတိုက်တာကြောင့်လည်း ဖြစ်ပါလိမ့်မယ်။

ကျွန်တော်က တဲအပြင်ဘက်က မိုးပြင်ကို ကြည့်နေတယ်။ နောက်ခံလမ်းမီးတိုင်နဲ့ ဆိုတော့ မိုးဖွားတွေက အရောင်စုံ ထွက်နေတယ်။ အဲဒီ မြင်ကွင်းထဲကို လူတစ်ယောက် ဝင် လာပါတယ်။ အေးအေးဆေးဆေးပါပဲ။ မိုးရွာနေတာကို ဂရုစိုက်ပုံ မရဘူး။ သိတောင် သိရဲ့ လား မပြောတတ်ဘူး။ သူက ဆိုင်ဘက်ကို လာနေတာ။ ဟုတ်ပ့ါ။ ကျွန်တော်ထိုင်နေတာ အရက်ဖြူဆိုင်ပါပဲ။ စွဲစွဲလမ်းလမ်းကြီး မဟုတ်ပေမယ့် မကြာမကြာ ထိုင်ဖြစ်ခဲ့ပါတယ်။

စောစောကပြောတဲ့ လူဟာ အရက်ဆိုင်အဝရောက်တော့ ရေတွေကို ခါချပါတယ်။ တစ်ကိုယ်လုံး ရွှဲနစ်ပြီး ရေပေါက်တွေက တောက်တောက်ကျနေတာကိုး။ ထီးမပါ ဘာ မပါနဲ့ ။

သူက ဆိုင်ထဲကိုလှမ်းပြီး အကဲခတ်တယ်။ ဆိုင်မှာ က ဘက်ထရီမီးရောင်နဲ့ ဆိုတော့ မှုန်ပျပျပေ့ါ။ ခဏနေတော့ သူဟာ ကျွန်တော်ထိုင်နေတဲ့ စားပွဲဆီကို တန်းတန်းမတ်မတ် ကြီး လျှောက် လာလေရဲ့ ။ အနားရောက်တော့ ကျွန်တော့်ကို

ခပ်ပြုံးပြုံးစေ့စေ့ကြည့်တယ်။ ကြည့်ရတာ အရောတဝင်လုပ်မယ့်သဘောပဲ။ လူပုံကတော့ သာမန်ပါ။ အဝတ်အစား လည်း သပ်သပ်ရပ်ရပ် ရှိပါတယ်။ အသက်က ၆၀ လောက် ရှိပါလိမ့်မယ်။

‘ ကျွန်တော် ထိုင်လို့ ရမလား ’

ပြဿနာက စပါပြီ။ ကျွန်တော်က တစ်ယောက်တည်း သောက်တတ်တာ ဒါပေမဲ့ ကျွန်တော့်နေရာက ထောင့်ကွေးမှာ ဆိုတော့ နှစ်ယောက်ထိုင်လို့ ရတယ်။ ဒီကိစ္စအတွက် တါက်ကပ်စရာမလိုပေမဲ့ သူ့ပုံစံက စောစောကပြောသလို အရောဝင်မယ့်သဘောရှိနေ တော့ စိတ်ထဲသိပ်မသန့်လှဘူး။ ဒါပေမဲ့ ကိုယ့်ဆိုင်မှ မဟုတ်ဘဲ။ ခေါင်းညိတ်ပြလိုက်ရတော့ တာပေ့ါ။ သူက ကျေးဇူးပဲလို့ ပြောပြီး ကိုယ်ပေါ်က ရေတွေကို လက်နဲ့ သပ်စစ်ချရင်း မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ပါတယ်။

တစ်ခုခုပြောချင်နေပုံပေမယ့် အပြောခက်နေသလိုပဲ။ အရက်လည်း လှမ်းမမှာ သေး ဘူး။ ဒီတော့ ကပ်တီးမူးလဲများ လားလို့ ထင်မိသေးတယ်။ ဒါပေမဲ့ သူ့ပုံစံက ကပ်သောက် မယ့်ပုံစံတော့ မဟုတ်ပါဘူး။ မပြောနိုင်ဘူးလေ။ အဝတ်အစား သပ်ရပ်ပေမဲ့ အရက်ဆာလာ ရင် လူတွေဟာ သိက္ခာမှ မရှိတော့တာကိုး။ ကိုယ့်ဆီက ကပ်မသောက်ဘူးပဲထားဦး။ ကျွန်တော့်မှာ တော့ စိတ်ကျဉ်းကျပ်သွားရပါပြီ။

ခဏနေတော့ သူက ချောင်းတစ်ချက်ဟန့်ပြီး ‘ စာရေးဆရာ ကိုမာယာ ဟုတ်ပါ တယ်နော် ’

စိတ်ထဲ နည်းနည်းတော့ ပျော်သွားသလိုပဲ။ ကျွန်တော်က

ဂတ္တုတိုရေးသမားပါ။ လုံး ချင်းတွေ ဘာတွေနဲ့ နာမည်ကြီးမဟုတ်ပါဘူး။ သုံးလေးငါးလလောက်နေမှ ဂတ္တုတိုကလေး တစ်ပုဒ် စာမျက်နှာပေါ်ရောက်တတ်တာ မဟုတ်လား၊ ခုလို သူက ကျွန်တော့်ကလောင် နာမည်ကို သိနေတော့ ကျေနပ်မိတာ အမှန်ပါပဲ။ နော့ပေမယ့် တချို့လူတွေဟာ အရက် ကပ်သောက်ဖို့ ဒီလိုပဲ ချဉ်းကပ်တတ်ကြတာကိုး။ ပြီးတော့ ကျွန်တော့်ကို စာရေးဆရာမှန်း သိတာက ဆိုင်ရှင် ' မွန်ကြီးပဲ ရှိတယ်။ ဒီတော့ သူဟာ ကျွန်တော့်အကြောင်း မွန်ကြီးဆီက ကြားထားတာလား မသိဘူး။ စိတ်ထဲ တထင့်ထင့်ဖြစ်နေတုန်း။ '

' မွန်ကြီးရေ တစ်ပိုင်းပေးကွာ ' ဆိုပြီး လှမ်းမှာ လိုက်တော့မှ စိတ်ထဲ နည်းနည်း တော့ ဘဝင်ကျသွားတယ်။ နော့ပေမယ့်လည်း အရက်ကပ်မသောက်တဲ့ တိုင် အပိုဆာဒါး စကားတွေ ပြောတော့မယ်ဆိုတာတော့ သိနေပါတယ်။ စာရေးဆရာမဟုတ်လားလို့ မေး လိုက်ကတည်းက စာဖတ်သူတစ်ယောက်အဖြစ်နဲ့ စာအကြောင်း ပေအကြောင်းတွေ လေ ရှည်နေရင် ခက်ပါတယ်။ ကျွန်တော်က အရက်သောက်ရင်း လက်ဖက်ရည်ဆိုင်ထိုင်ရင်း စိတ်အပန်းဖြေချင်တာပဲရှိတယ်။ မလေးနက်ချင်ဘူး။ သူက ရောက်လာတဲ့ အရက်ဖြူကို တစ်ကျိုက်နှစ်ကျိုက် သောက်လိုက်ပါတယ်။ ပြီးမှ မထင်မှတ်တဲ့ စကားကို ပြောပါတယ်။

' ဆရလေးဟာ မိန်းမတစ်ယောက်က ပါးရိုက်တာကို ခံရဖူးသလား ' တဲ့ ။

ကျွ န် တော့် မှာ ဘယ်လိုကြီးမှန်းမသိ ဖြစ်သွားရတယ်။ ဒီလ ' ဝတ်မှုန်ကြွေ ' မဂ္ဂဇင်း မှာ ကျွန်တော့်ရဲ့ အချစ်ဂတ္တုတစ်ပုဒ်ပါတယ်။

မမနဲ့ မောင်လေး ဇာတ်ပါ။ အဲဒီ မှာ ဇာတ်သိမ်း တော့ မမက မောင်လေးကို ဖျန်းခနဲနေအောင် ပါးရိုက်ပြီး အဖြေပေးလိုက်တာကို ရေးထား ပါတယ်။ သူ့မေးခွန်းက ငါ့ကို ရည်ရွယ်တာ ဖြစ်မယ်။ သူ့အသံက ပါးရိုက်ခံဖူး၊ မခံဖူးဆိုတာ ကို စစ်ကြောချင်ဟန်ပေါ်နေတယ်။ ပါးရိုက်မခံဖူးဘဲနဲ့ ရေးသလားလို့ များ မေးချင်တာလည်း ဖြစ်နိုင်ပါတယ်။ သူ စရောက်လာကတည်းက စကားတစ်လုံးမှ မပြောခဲ့တဲ့ ကျွန်တော်ဟာ ဒီမေးခွန်းအတွက်တော့ အဖြေပေးရပါတော့မယ်။

‘ ကျွန်တော့်မှာ ချစ်သူတောင် မရှိပါဘူး ’

သူက ‘ ဟက် ’ ခနဲ ရယ်တယ်။ လှောင်တာတော့ မဟုတ်ပါဘူး။ ဖြစ်မှ ဖြစ်ရလေဆို တဲ့ အသံမျိုးပါ။ ဒီ့နောက်တော့ တော်တော်ကြာအောင် ကိုယ့်အရက်ကိုယ် သောက်နေကြ ပါတယ်။ သူ့အရက်တစ်ပိုင်းကုန်သွားတော့ ထပ်မှာ ပြန်တယ်။ အဲဒီ ကစပြီး သူကချည်း စကားတွေပြောတော့တာပါပဲ။ အသက်ချင်းကွာပေမယ့် သူက ‘ ဆရာလေး ’ ‘ကျွန်တော်’ ဆိုတဲ့ နာမ်စားတွေကိုပဲ သုံးပါတယ်။

‘ ချစ်သူတောင် မရှိဖူးဘူးဆိုတဲ့ ဆရာလေးကို ပြောရတာ တော့ အတော်ခက်တာပဲ။ ဒါပေမဲ့ ကျေးဇူးပြုပြီး ကျွန်တော့်စကားတွေကို နားထောင်ပေးပါ ’

‘ သိပ်အရှည်ကြီးတော့ မပြောနဲ့ ကွာ ’ ဆိုတဲ့ အမူအရာ လုပ်ပြရပါတယ်။

‘ ကျွန်တော်တို့ လင်မယားက ငယ်လင်ငယ်မယားပါ။ သမီးရည်းစားအဖြစ်လည်း တစ်ယောက်ဆို တစ်ယောက်ပါပဲ။ ဘာပြဿနာမှ မရှိခဲ့ပါဘူး။ ကျွန်တော့်အသက် ငါးဆယ်

လောက်အထိပေါ့ဗျာ။ ခု ကျွန်တော့်အသက် ၆ဂ စွန်းပြီဆိုပါတော့ '

သည် လိုဆိုတော့ ပြီးခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်လောက်အတွင်း အိမ်ထောင်ရေး ပြဿနာတွေ ရှိခဲ့တယ်လို့ ဆိုသလိုပါပဲ။

' အဲဒီ နောက်ပိုင်းတော့ သူဟာ အေးစက်စက်နိုင်လာပါတယ်။ သားသမီးတွေက လည်း အရွယ်ကလေးတွေ ရ လာပြီကိုး။ ပြောရရင် သူဟာ လူကြီးဆန်လာတာ နည်းနည်း လွန်သလိုပဲ၊ ချက်ရေးပြုတ်ရေး သားသမီးတွေကိစ္စနဲ့ အချိန်ကုန်တာများ လာတယ် '

ဒီလိုပဲ ဖြစ်တတ်တာပဲလို့ ကျွန်တော် စကားဝင်မထောက်ဖြစ်ပါဘူး။

' ကျွန်တော်က သဘောကို သိပါတယ်။ ဒါကြောင့် အဲဒီ အရွယ်မှာ ဒါလောက်တော့ မရင့်ကျက်သင့်ဘူးဗျာ၊ ကျွန်တော်ကတော့ လေးဆယ်ကျော် ငါးဆယ်တွင်းဆိုတာ မကြီး သေးပါဘူး '

သူက သူ့စကားသူ သဘောကျပြီး ရယ်ပါတယ်။

' ပြောရရင်ဗျာ။ အဲဒီ အရွယ်တွေမှာ အငယ်အနှောင်းထားတတ်ကြတယ် မဟုတ် လား။ ဒါပေမဲ့ ကျွန်တော်ကတော့ သူ့ကို သစ္စာမဖောက်တဲ့ အပြင် ပိုပြီးတောင် ရောရောဝင် ဝင်နေခဲ့ပါတယ်။ ပြောရရင် ချစ်သူလိုရော၊ လင်မယားလိုရော၊ သူငယ်ချင်းလိုရောပါပဲ '

စိတ်ထဲ ထင့်ခနဲဖြစ်ရတယ်။ အဲဒီ မိန်းမက ဖောက်ပြန်သွားလို့ လားပေါ့လေ။

' ဒါပေမဲ့ဗျာ၊ သူ့ဘက်က ပိုပို ဆိုးလာပါတယ်။ ကျွန်တော့်ကို ဟက်ဟက်ပက်ပက် မဆက်ဆံတော့ဘူး။ အလုပ်ဝင်စ သမီးကြီးနဲ့ ပဲ တတွဲတွဲလုပ်နေပါရော '

ကျွန်တော်လည်း သူ့ဇာတ်လမ်းရိုးကြီး မဆုံးသေးတာ စိတ်မရှည်လို့ အရက်ဖြူတစ် စိတ် ထပ်မှာ ရတယ်။

‘ အင်း ဆရာလေးလည်း ရိုးအီနေတဲ့ ဓာတ်ပြားဟောင်းကြီး နားထောင်နေရတာ ပျင်းရောပေါ့လေ၊ ကျွန်တော် လိုရင်းပဲ ပြောပါတော့မယ် ’

ဒီလိုတော့လည်း အလိုက်သိတတ်သားပါလား။ ဒါပေမဲ့ သူ့စကားကြောင့် နည်းနည်း စိတ်ဝင်စားသွားမိတာတော့ အမှန်ပါပဲ။ ရှေ့ဆက်ပြီး ပြဿနာ ကြီးကြီးမားမားတစ်ခုတော့ ပေါ်မှာ သေချာပါပြီ။ ကြီးကြီးမားမား မဟုတ်တောင် အလှည့်အပြောင်းလေးတော့ ရှိတန် ကောင်းပါရဲ့ ။

‘ သူဟာ နောက်ပိုင်းမှာ ပိုပြီး အေးစက်သထက် အေးစက်လာပါတယ်။ ကျွန်တော့် ကို အရန်လူလို သဘောထားပြီး သားတွေသမီးတွေနဲ့ ပဲ တရန်းရန်း နေတယ်။ စဉ်းစား ကြည့်ဗျာ၊ ပင်ကိုက အေးစက်စက်ဆိုရင် ကလေးတွေနဲ့ လည်း အလိုက်အထိုက်ပဲ နေသင့် တာပေါ့။ ခုတော့ဗျာ ကျွန်တော့်မှာ အထီးကျန်သလို ခံစားနေတယ် ’

ဇာတ်ရှိန်ကလည်း ခုထိ မတက်သေးပါဘူးလို့ စိတ်ညစ်မိပြန်ပါတယ်။ သူကတော့ အရှိန်ရလာလို့ နောက်တစ်စိတ် ထပ်မှာ ပြန်ရော။

‘ ခုနောက်ပိုင်း သားသမီးတွေ ဘွဲ့ရအလုပ်ကိုယ်စီဖြစ်လာကြတော့ ပိုဆိုးတာပေါ့ ဗျာ။ ကျွန်တော်ကလည်း ပင်စင်ယူလိုက်ရပြီကိုး ’

အဲဒီ အတွက်တော့ စာနာမိတာ အမှန်ပါပဲ။ ပင်စင်နာဆိုတာ ဖြစ်နေပုံရပါရဲ့ ။ ဒါပေမဲ့ အဲဒါလောက်နဲ့ တော့ သူ့ဇာတ်ကို သိမ်းလို့

မရပါဘူး။

‘ ကြားဖြတ် ပြောရဦးမယ်ဗျ၊ ကျွန်တော့်မှာ အပြစ်ဆိုလို့ သောက်တတ်တာလေးပဲ ရှိတာပါ။ ရမ်းရမ်းကားကားလည်း မဟုတ်ပါဘူး။ အဲဒီ အတွက်တော့ ခဏခဏ စကားများ ရတာ အမှန်ပါပဲ။ နော့်ပေမယ့်ပေါ့ဗျာ။ ဒီအရက်ကိစ္စလေးနဲ့ တော့ သူဟာ ခုလောက် အေး စက်စက်ကြီး မဖြစ်သင့်ပါဘူး၊ ခုတော့ဗျာ ’

သူက ရောက်လာတဲ့ အရက်တစ်စိတ်ကို တစ်ခွက်တည်း မော့လိုက်ပြန်ပါတယ်။ ပြီးတော့မှ

‘ သူဟာ သွေးနဲ့ ကိုယ် သားနဲ့ ကိုယ်ဆိုတာမှ ဟုတ်ရဲ့ လားလို့ တောင် ထင်ရတယ် ’

သြော် လက်စသတ်တော့ အိမ်ထောင်ရေးသုခကို ပြောချင်နေတာပါလား။ ဒီအရွယ် ကြီးကျမှ လို့ တော့ မထင်ရက်ပါဘူး။ ယောက်ျားဆိုတာက ဖွဲ့တစ်ဆုပ်နိုင်ရင် သူ့ခ ခံစားချင် တာပဲ မဟုတ်လား။ တစ်ခုရှိတာက သူ့မိန်းမဟာ ဘယ်အရွယ်လဲဆိုတာ ကျွန်တော် မသိ ဘူး။ သက်တူရွယ်တူ ဆိုရင်တော့ ဒါမျိုး စိတ်အေးသွားလောက်ပါပြီ။ ကျွန်တော် ဖတ်ဖူး မှတ်ဖူးတာကို ပြောတာပါ။

‘ ကိုင်း ကိုင်း ဆရာလေးလည်း ပျင်းနေရော့မယ်၊ ဇာတ်သိမ်းကြပါစို့။ မနက်က တော့ သူနဲ့ ကျွန်တော် အကြီးအကျယ်ရန်ဖြစ်ကြတယ်။ အကြောင်းကတော့ မောနင်း ပက် လုပ်မိရာက စတာပါပဲ။ ကျွန်တော် မနေ့ညက သူငယ်ချင်းအိမ်မှာ အတော်များ သွားလို့ မနက်က ဖြေတာပါဗျာ။ အဲဒါကို ပြဿနာလုပ်ပြီး ကျွန်တော့်ကို ပေယျာလကန်ထားခဲ့သမျှ ကို အတိုးချပြီး

ရန်စွယ်ငေါငေါလုပ်တော့တာပဲ '

သူက တော်တော်သောက်နိုင်ပုံရပါတယ်။ မွန်ကြီးဆီ လှမ်းပြီး နှစ်ပက်ထပ်တောင်း ပါတယ်။

' ခက်တာက ကျွန်တော် ပြန်လည်ခုခံပေမယ့် သားသမီးတွေကပါ သူ့ဘက်က ဝိုင်း ပြီး ကျွန်တော့်ကို ထိုးနှက်ကြတာပါပဲ။ သားကြီးဆိုရင် ကျွန်တော့်ကို မသုံးစဖူး ခင်ဗျားကြီး ဆိုပြီး သုံးတယ်ဗျာ။ ကျွန်တော် တော်တော်စိတ်ထိခိုက်သွားတယ်။ ဒေါသလည်း ဖြစ် သွားတယ်'

သူက ဝမ်းနည်းသံ ပါသွားတာ သတိထားမိပုံရတယ်။ စကားမဆက်သေးဘဲ ငြိမ်ပြီး တံတွေးမျိုချနေလေရဲ့ ။

' လင်မယား ရန်ဖြစ်ပြီဆိုတော့ အသေးအဖွဲကအစ ငယ်ကျိုးငယ်နာတွေ ဖော်ကြ တော့တာပေါ့ဗျာ၊ ဒီမှာ တင် ကျွန်တော်က သူ့ကို သူ့ရဲ့ ငယ်သူငယ်ချင်း ယောကျ်ားလေး သူငယ်ချင်းပေါ့ဗျာ၊ အဲဒါကို သူနဲ့ ပြန်ပေးစားမိတယ်။ တကယ်က သူ့ကို ဟိုက ကြိုက်ခဲ့တာ၊ သူက ပြန်ကြိုက်ခဲ့တာ မဟုတ်ပါဘူး။ ဒါပေမဲ့ဗျာ အဲဒီ စကားလေးတစ်ခွန်းက '

ဆိုပြီး နောက်ရောက်လာတဲ့ အရက်ကို တစ်ခွက်တည်း မော့ချလိုက်ပါတယ်။ ပြီး တော့ ဆတ်ခနဲ မတ်တတ်ထရပ်တာ ယိမ်းထိုးသွားတယ်။ ဘာမပြော ညာမပြောနဲ့ ပြန်ဖို့ ဟန်ပြင်လိုက်ပါတယ်။

' အဲဒါပါပဲဗျာ၊ ဆရာလေး၊ မိန်းမတစ်ယောက်ပါးရိုက်တာ ခံရဖူးသလားလို့ '

ငိုသံပါကြီးနဲ့ ပြောပြောဆိုဆို သူထွက်သွားပါတယ်။

ဝင်လာစဉ်ကအတိုင်း မိုးရွာနေ တာကို မသိသလို လမ်းမပေါ် လျှောက်သွားပါရော။ လူကတော့ ဝင်လာခါစကလို ပုံမှန် မဟုတ်ဘူး ပေါ့လေ။ ယိုင်ထိုး ယိုင်ထိုးနဲ့ ။ ဒီတော့မှ ကျွန်တော့်မှာ ဆန့်တငံ့ငံ့ ဖြစ်ရပါတော့ တယ်။ သူ ဘာပြောချင်တာပါလိမ့်။ အင်း ကိုယ်ကလည်း အိမ်ထောင်မကျဖူးတော့ တွေးရ ခက်ကြီးပေါ့။

* * *

# နွေးသော နှင်း

သည် မနက် နှင်းထုက သိပ်သည်းစွာ ကျနေသည် ။ တက္ကသိုလ်ပရိဝုဏ်အတွင်း မှာ ကျန်းမာရေးအတွက် လမ်းလျှောက်လာကြသော လူနှင့်ခွေးများ မနည်းလှပါ။ မှုန်ဝါးဝါး နှင်းထုအကြားမှာ အရွယ်လွန် ဂျူးလီးယက်ကို ကျွန်တော်ကစ၍ တွေ့ပါသည် ။ သူ့ကို ရုတ်တရက် ချာတိတ်မ ခပ်ဂဂကလေးအဖြစ် ပထမကြည့်မိခြင်းဖြစ်သည် ။ လုံးဂမမှတ်မိ။

သို့ဂာတွင် သူကတော့ ကျွန်တော့်ကို မြင်မြင်ချင်း မှတ်မိသွားပါသည် ။ ကျွန်တော့် ကို နှုတ်ဆက်ပြီး ပြုံးပြသော သူ့အပြုံးသည် ကား အရင်တုန်းဆီကအတိုင်း မူမပျက် 'နောက်တွဲဆံထုံးအပြုံး'။ ပြုံးလိုက်လျှင် ကြေးစည်ကလေးကဲ့သို့ စူသွားတတ်သော သူ့နှုတ်ခမ်းကို ကျွန်တော် ချက်ချင်း မှတ်မိသွားပါသည် ။

ရုပ်ရှင်မင်းသမီး တင်တင်အေး၏ နှုတ်ခမ်းနှင့်တူသည် ဟု ကျွန်တော်ပြောခဲ့စဉ်က 'အို . . . ပေါက်တတ်ကရ ' ဟူ၍ ရှက်ပြုံးဖြင့် ပြောခဲ့သော သူ့စကားသံကိုပင် အဆစ်အနေ ဖြင့် ပြန်လည်ကြားလိုက်မိသွားပါသည် ။ မှုန်ဝါးသော နှင်းထုကြားမှာ ပင် အတိတ်ကာလ သည် ကြည်လင်ပြတ်သွားလာပါတော့သည် ။

' ဟင် . . . သိန်းသိန်း '

သူ့နာမည်ရင်း ' မခင်ချစ် ' ဖြစ်သော်လည်း တော်တော်ကလေး ရင်းနှီးကျွမ်းဝင် လာကတည်းက သူ့ကို သိန်းသိန်းဟု ပင် ကျွန်တော် ခေါ်ခဲ့ပါသည် ။ အကြောင်းရှိပါသည် ။ အဘွားဒေါ်သိန်းကို ကျွန်တော်သည် ဘာကြောင့်မှန်းမသိ၊ သိန်းသိန်းဟု ပင် ငယ်ငယ် ကတည်းက နှုတ်ကျိုးခဲ့ပါသည် ။ ထို ကျွန်တော့်အဘွား ' သိန်းသိန်း ' အသုံးပြုလေ့ရှိသော ဘော်ကြယ်သီးအလုံးကြီးမျိုးကို ' မခင်ချစ် ' ရင်ခွင်ဆီ၌ ရွေးဆန်စွာ မြတ်မြတ်နိုးနိုး တပ် ဆင်အသုံးပြုလေ့ရှိခဲ့သည် ကို အကြောင်းပြု၍ သူ့ကို ' သိန်းသိန်း ' ဟု ကျီစယ်ခေါ်ခြင်းပါ။

နှုတ်ဆက်လိုက်သော ကျွန်တော့်လေသံတွင် ရုတ်တရက် သူ့ကို မမှတ်မိကြောင်း ဝန်ခံသည့်အရိပ်အယောင် ပါသွားသလားမသိ။ မထီသောအပြုံးဖြင့် ကျွန်တော့်ကို တုံ့ပြန် ပါသည် ။ သူ့အပြုံးသည် အရင်ကလိုပင် ကျွန်တော့်အပေါ် စိုးမိုးသော၊ အနိုင်ယူသော အထင်သေးသော၊ ဂရုမထားသော ကြေးစည်အပြုံးပင်။

' ဆံပင်တွေဖြတ်ထားလို့ ကျွန်မကို မမှတ်မိဘူးမို့လား '

ကျွန်တော်က အမှန်အတိုင်း ဖြေလိုက်လျှင်

' လူဆိုတာ တစ်ခါတလေ စိတ်ထင်ရာတွေ လုပ်ကြမြဲပဲ။ ခုလို ကျွန်မဆံပင်ကို ဖြတ် လိုက်တော့ ဘယ်သူ့ကို ထိခိုက်မှာ လဲ။ ပြီးတော့ ဘယ်သူနဲ့ ကော ဆိုင်လို့ လဲ ' စသည် ဖြင့် စကားချီပြီး သဘောတရားတွေရော၊ အခြေအနေတွေရော ဘာညာကွိကွ စကားလုံး အကြီးကြီးများ ဖြင့် ကျွန်တော့်ကို ထုပေလိမ့်မည်။

' ဆံပင်ဖြတ်လိုက်လို့ မမှတ်မိတာ မဟုတ်ပါဘူး ' ဟု ဖြေမိပြန်လျှင်လည်း ' ဒီလိုပဲ မေ့ပစ်တတ်သလား ' ခနဲ့ နေပေဦးမည်။ ကျွန်တော် ရယ်ပြလိုက်ပါသည် ။ ထိုအခါ တက္ကသိုလ်၏

နှင်းလေအေးသည် ကျွန်တော့်သွားနှင့် သွားဖုံးကိုလာ၍ ထိပာပ်လိုက်ရာ ပါးစပ်ချမ်းသွားပါသည် ။

‘ နက်တိုင်း ခုလိုပဲ သိန်းသိန်း လမ်းလျှောက်တတ်သလား ’

‘ ဟင့်အင်း၊ ခုမနက်မှ နှင်းတွေပိတ်ကျလာလို့ နှင်းတောထဲ လမ်းလျှောက်ချင် လို့ ပါ’

အရင် လေးငါးခြောက်နှစ် တစ်မနက်တုန်းဆီက ကျခဲ့သော နှင်းသည် ဒီနေ့ မနက် ကျသောနှင်းနှင့် မည်သို့ ဆွေမျိုးတော်စပ်သနည်းဟု ကျွန်တော် တွေးမိသည် ။ သိန်းသိန်း တစ်ယောက် ငယ်မူပြန်နေသည် လား။ သို့မဟုတ် ငယ်စဉ်က ခံစားမွေ့လျော်ဖွယ်များကို လျစ်လျူရှုခဲ့မိသဖြင့် ခုမှ အတိုးချနေခြင်းပေလား။ သူ့စိတ်နှင့် သူ့ရုပ်သည် လိုက်ဖက်နေပါ သည် ။ ဂျူးလီးယက်ကြီးသည် နှင်းတောထဲ စိတ်ကူးယဉ်နေပါသည် ။

‘ ကိုဦးကော လမ်းလျှောက်ထွက်တာပဲလား ’

‘ မဟုတ်ပါဘူး၊ ရွှေဘိုဆောင်ဘေးကို သွားမလို့ ပါ ’

‘ ရှင် ’

‘ အော် . . . သဘော်မဲဇလီပင်အောက် သွားမလို့ ပါ ’

သူ ဖျတ်ခနဲ မျက်နှာပျက်သွားပါသည် ။ ကျွန်တော်က ကျွန်တော့်ကိစ္စနှင့်ကျွန်တော် ရိုးရိုးသားသား ပြောခြင်းဖြစ်သော်လည်း သူက အရင်တုန်းဆီကို မှတ်မိသွားပုံရသည် ။ တစ် ဆက်တည်းမှာ ပင် ကျွန်တော်လည်း မှတ်မိသွားပါသည် ။ ဟုတ်ပေသားပဲ။ နှင်းကျသော မနက်သည် လည်းကောင်း၊ ကျွန်တော် ခုသွားမည့် နေရာသည် လည်းကောင်း အတိတ်ကို အမှတ်ရစေသည် မဟုတ်ပါလား။

မှတ်မှတ်ရရ နေရာလေး။ ထိုမှတ်မှတ်ရရ နှင်းတစ်မနက် ကို ပြိုင်တူသတိရလိုက်မိသည် ။ ဤတွင် နှစ်ယောက်လုံး အနေရခက်မိသလို ဖြစ်မိကြပါ သည် ။ အတိတ်ဟူသည် ပြန်မရနိုင်တော့သော ကာလများ ဆီသို့ စိတ်ကူးဖြင့် အရောက် သွားနိုင်သောအရာပင် ဖြစ်သည် မဟုတ်လား။ ကျွန်တော်၏ စိတ်သည် ပျော့ပျောင်းနူးညံ့ လာသည် ထင်၏ ။ သိန်းသိန်းကို ကြင်နာစွာ ကြည့်မိသည် ။ သိန်းသိန်းသည် လည်း အတိတ် ကို လွမ်းသောအပြုံးဖြင့် စကားဆိုပါသည် ။

‘ သွားချင်သွားလေ ’

သူ့စကားကို ကျွန်တော် နားလည်လိုက်သည် မှာ ကျွန်တော်သွားချင်သွားတော့၊ သူလည်း လမ်းဆက်လျှောက်တော့မည်ဟူ၍ မဟုတ်ပါ။ သူ၏ ခြေဦးကို နောက်ကြောင်းပြန် လှည့်၍ ကျွန်တော်နှင့် ဘေးချင်းယှဉ်လိုက်လာပါသည် ။ ထိုနေရာသို့ နှစ်ယောက်အတူ သွားကြမည့်သဘော။ အလွမ်းပြေသဘော။ အတိတ်က မရခဲ့သော တကယ့်အရှိပစ္စုပ္ပန်၌ ဖန်တီး၍ ဖြေသိမ့်လိုသည့်သဘော။ ကျွန်တော် သိန်းသိန်းကို သနားသွားပါသည် ။ တစ် ဆက်တည်းမှာ ပင် ကျွန်တော်က အလိုလို ရှိမီယို၊ အိမ်က ထွက်လာစနှင့်မတူပါ။ ခြေချောင်းကလေးများကို မြက်ရှက်ဖျားမှာ သီးနေသော နှင်းဥကလေးများ စိမ့်ခနဲ စိမ့်ခနဲ လာပြီး ထိကြသည် ပင် နှင်းတောထဲ လမ်းလျှောက်ရသော အရသာပါကလားဟု ထင်တတ် လာသည် ။ ကျွန်တော့်ဘေးဆီမှာ ဟော့(ခ်)ရေမွှေးနဲ့ သည် ရင်ခုန်မြန်လာစေသည် ။

‘ ကိုဦးက အမှတ်သညာကြီးတယ်နော် ’

‘ ခင်ဗျာ ’

‘ ဩော် . . . အစွဲအလန်းကြီးတယ်လို့ ပါ။ ဒီနေရာလေးကို ဒီလိုပဲ ခဏခဏ ရောက် တတ်သလားဟင် ’

ကျွန်တော် ပြုံးနေလိုက်ရပြန်ပါသည် ။ သူ့အမေးအတွက် ကျွ န် တော့် မှာ ချက်ချင်း ဖြေနိုင်စွမ်းမရှိ။ အမှန်တော့ အလွမ်းပြေသဘောဖြင့် သည် နေရာကို ကျွန်တော် လာခဲ့ခြင်း မဟုတ်။ သို့သော် အမှန်အတိုင်း ဖြေလိုက်လျှင် သူစိတ်မကောင်း ဖြစ်မည်မလွဲပါ။ ကျွန်တော်သည် သူနှင့်ပတ်သက်လျှင် အမြဲတမ်း အလျှော့ပေးခဲ့သည် သာ။ သူ့အတွက် ငဲ့ကွက်တတ်သောအကျင့်သည် ယခုတိုင် မပျောက်သေးပါလား။ ထိုနေရာကလေးနှင့် ပတ်သက်၍ ကျွန်တော့်တွင် အကြီးအကျယ် အစွဲအလန်းထားခဲ့စဉ် ဟိုအရင်ကာလတုန်း ဆီက ကျွန်တော့်အတွက် ငဲ့ကွက်တတ်သောအကျင့်သည် ယခုတိုင် မပျောက်သေးပါလား။ ထိုနေရာကလေးနှင့်ပတ်သက်၍ ကျွန်တော့်စကားများကို ရယ်မောစရာအဖြစ် သဘော ထားခဲ့သည် ။ ကျွန်တော့်အဖြစ်ကို သနားစရာကောင်းသည် ဟု သူယူဆခဲ့သည် ။ ကျွန်တော့် အစွဲအလန်းကိုတော့ စိတ်ကူးမယဉ်ပါနဲ့ လေဟု ပေါ့ပေါ့တန်တန် ဆိုခဲ့သည် ။

ဤနေရာလေးနှင့်ပတ်သက်၍ လည်း ‘ နေရာဌာနဆိုတာ အဓိကမကျပါဘူးရှင်၊ ပင် လယ်ကမ်းခြေပေမယ့်လည်း မုန်တိုင်းလာရင် ဘယ်မှာ လမ်းလျှောက်ကောင်းပါ့မလဲ၊ ဟုတ် ဘူးလား ’ ဟု အထက်စီးနင်းပြောခဲ့သည် ။

ထိုစဉ်တုန်းက သူ့စကား၊ သူ့အယူအဆမျိုးကို ကျွန်တော် ချေပနိုင်စွမ်း ရှိခဲ့ပါသည် ။ သို့ရာတွင် မေတ္တာတရားကို

စကားအရာဖြင့်သာ အနိုင်ယူ၍ မရစကောင်းမှန်း ကျွန်တော် သိပါသည် ။

ထို့ကြောင့် မတုံ့ပြန်ခဲ့။ ခု ဤနေရာလေးနှင့်ပတ်သက်၍ သူမကပင် မှတ်မှတ်ထင် ထင် စကားဆိုလာသောအခါ ကျွန်တော် ကလှဲစားချေလိုက ချေနိုင်ပါသည် ။ သို့ရာတွင် ကျွန်တော်သည် သူမ မဟုတ်ပါ။

ကျွန်တော့်နှလုံးသားနှင့် သူ့နှလုံးသားသည် မတူကြပါ။ ထို့ကြောင့်ပင် ဤနေရာသို့ ကျွန်တော် အလွှမ်းပြေရောက်လာခြင်း မဟုတ်ကြောင်းကို သူ့အား ငဲ့ညှာစွာဖြင့်ပင် ကျွန်တော် ထိန်ပွက်ထားလိုက်ရပါသည် ။

တကယ်တော့ ခုချိန်တွင် ထိုနေရာလေးကို သူက ကျွန်တော့်ထက် စွဲလန်းနေ ကြောင်း စောစောက သူမေးသောမေးခွန်းကပင် သက်သေပြနေသည် မဟုတ်ပါလား။ ယခု တိုင်ပင် မိမိသဘောကို တစ်ပါးသူ၏ သဘောဖြစ်ခဲ့ရလေအောင် သူ၏ ဆန္ဒကို ကျွန်တော် နှင့် ကာ ဗာ လု ပ် ၍ ထုတ်ဖော်ပြီးသားဖြစ်ရလေအောင် ပြုမူတတ်သောအကျင့်သီလသည် သူ့၌ စွဲကပ်နေတုန်းပင်တကား။

* * *

အချစ်ဆိုသောအရာနှင့် သက်ဆိုင်သည် မသက်ဆိုင်သည် တော့ဖြင့် မသိ။ ကျွန် တော်နှင့် အိမ်ထောင်ရေးသည် ရိုးသားမွန်မြတ်သည် တော့ အမှန်ပါ။

‘ နေကောင်းပါတယ်၊ ခု သူတောသွားတယ် ’

‘ ကလေးတွေကော ’

‘ အငယ်ကောင်တော့ သူ့အမေနဲ့ တောပါသွားတယ်။ အကြီးကောင်ကတော့ ကိုယ် နဲ့ ကျန်နေခဲ့တယ် ’

သိန်းသိန်းသည် ယခုတိုင် အိမ်ထောင်မပြုသေးပါ။ ဘာကြောင့်မှန်းတော့ မသိပါ။ မည်သို့ရှိစေ ကျွန်တော် အိမ်ထောင်ပြုခြင်းနှင့်ပတ်သက်၍ မိမိကိုယ်မိမိ စိတ်သန့်ပါသည် ။

လူသည် အချိန်တန်လျှင် အိမ်ထောင်ပြုသည် မည်သူက အပြစ်ဆိုမည်နည်း။ အချစ်နှင့်ပတ်သက်၍ ကျွန်တော် ဥပေက္ခာထားခြင်းမဟုတ်ပါ။ ဘဝတစ်ခု၏ အစသည် အချစ်ဖြစ်သည် ဟု ကျွန်တော် ယုံကြည်ပါသည် ။

သို့ရာတွင် ဘဝတစ်ခုဖြစ်လာသောအခါ၌ အချစ်သည် ဘဝ၏ အစိတ်အပိုင်းသာ ပြန်ဖြစ်သွားတတ်သည် ဟူ၍ လည်း ယုံကြည်ပါသည် ။

မည်သို့ပင်ရှိပါစေ၊ ဘဝ၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်သောအချစ်သည် လည်း သူ့ အင်အားနှင့်သူရှိကြောင်း သေချာပါသည် ။ ခုပင်ကြည့်တော့၊ ကျွန်တော်၏ စိတ်သည် မ အေး မိ န င့် ပ တ် သ က် ၍ သန့်ရှင်းရိုးသားသည် မှာ တစ်ပိုင်း၊ နေရာဟောင်းမှ ငယ်ချစ် (ကျွန် တော်က ချစ်ခဲ့ခြင်းကို ဆိုလိုပါသည် ) ဟောင်းနှင့် ပြန်လည်ဆုံစည်းရသော အခိုက်မှာ တော့ နည်းနည်း စိတ်လှုပ်ရှားချင်သည် ။ အနေရ အထိုင်ရခက်သလိုလို၊ ရင်ခုန်သလိုလို၊ တက္ကသိုလ်၏ နှင်းသည် ရုပ်ရှင်ကားတစ်ကား၏ ဇာတ်လမ်းကို နောက်ခံတီးလုံးဖြင့် ပို့ပေး နေသကဲ့သို့ ။

* * *

‘ တစ်ချိန်က ကျွန်မပြောခဲ့တဲ့ စကားကို ‘ ကိုဦး ’ မှတ်မိမလားမသိဘူး။ နေရာဌာန ဆိုတာ အဓိကမကျဘူးလို့ လေ။ ပင်လယ်ကမ်းခြေဆိုပေမယ့် မုန်တိုင်းကျရင် ဘယ်မှာ လမ်းလျှောက်လို့ ကောင်းပါ့မလဲလို့ လေ။ မှတ်မိရဲ့ လား။ တကယ်တော့ ကျွန်မ မှားပါတယ်။ မုန်တိုင်းဆိုတာ အမြဲတမ်းကျနေတတ်တာမှ မဟုတ်ဘဲရှင်

ကျွန်တော် အံ့သြသွားပါသည် ။ သည် မျှအထိ သူပြောရဲ ဆိုရဲလိမ့်မည်ဟု ကျွန်တော် မထင်ခဲ့။ ဤနေရာတွင် အတိတ်ကို သတိရရင်း အာလာပသလ္လာပ စကားများ ပြောရင်းဖြင့် ပင် ရင်မောစွာ ကိုယ့်လမ်းကိုယ် ပြန်ကြရမည်ဟု သာ ကျွန်တော် ထင်ခဲ့ပါသည် ။ ခုတော့ သူ့စကားသည် ရဲတင်းလွန်းသည် ။ ဆက်၍ ပြောသည် ကို ကြည့်ပါဦး။

‘ ကိုဦးစိတ်ထဲမှာ ကျွန်မနဲ့ ပတ်သက်လို့ အရင်လိုပဲလား ’

ဤမေးခွန်းကို ဖြေဆိုရန် ပိုခက်ပါသည် ။ သူ့ကိုရော မအေးမိကိုပါ ငဲ့ကွက်၍ ဖြေရပါ လိမ့်မည်။ ထို့ကြောင့် သည် တစ်ခါ ကျွန်တော် ပြုံးမနေပြတော့ပါ။ သူ့မေးကို အမေးဖြင့်ပင် ရှင်းလင်းရပါတော့မည်။

‘ ဘာပြုလို့ မေးတာလဲ သိန်းသိန်း ’

‘ ဟင့်အင်း၊ ဘာမှ မဖြစ်ပါဘူး၊ သိချင်ရုံတစ်မည်တည်းပါ။ ထားပါလေ၊ မဖြေချင် လည်း မဖြေပါနဲ့ ၊ တကယ်တော့ ဒီမေးခွန်းမျိုး မေးအပ်တဲ့ အချိန် မဟုတ်တော့ဘူးဆိုတာ ကျွန်မ နားလည်ပါတယ် ’

သူ့ကို ကျွန်တော် သနားသွားပါသည် ။ မိုးလွန်မှ ထွန်ချချင်လာသော ဝေဒနာသည် အခံရခက်လှပါသည် ။ ထို့ကြောင့် သူ့စကားလမ်းကြောင်းကို ကျွန်တော်မသိမသာ ဆက် ပေးရပါသည် ။ ပြောလိုက ပြောပါလေသိန်းသိန်း။

‘ သိန်းသိန်းစိတ်ထဲမှာ တော့ ကိုယ့်ကို အရင်လိုပဲ သဘောထားသလား ’

ကျွန်တော်၏ မေးခွန်းသည် သူ့မေးခွန်းထက် ထိရောက်ပါသည် ။ အဘယ်ကြောင့် ဆိုသော် သူ့မေးခွန်းသည် တိုက်ရိုက်ပြောရပါက ‘ ကျွန်မကို ချစ်တုန်းပဲလား၊ မချစ်ခဲ့ဘူး လား’ဟူသော အဓိပ္ပာယ်ဆောင်ပါသည် ။ ကလေးငယ်ကဲ့သို့ သနားစဖွယ် ချက်ချင်းဖြေ ပါသည် ။

‘ ကျွန်မကိုယ်ကျွန်မ သိပ်အထင်ကြီးခဲ့တယ် ကိုဦးရယ်။ အရှက်အကြောက်ကြီးတဲ့ ဗီဇကလည်း ရှိနေတော့ ’

ကျွန်တော်ပင်လျှင် တစ်ချိန်က မိမိဘာသာ မသိလိုက်ရဘဲ ဆုလာဘ်တစ်ခု ရခဲ့ခြင်း ကို ခုမှ သိရသဖြင့် အသုံးချ၍ မရနိုင်တော့သော်လည်း ဂုဏ်ယူမိသလိုဖြင့် ကြည်နူးမိပါ သည် ။ မိုးလွန်မှ ထွန်ချခြင်းဖြစ်သော်လည်း ဝတ္တရားတစ်ခုပြီးမြောက်သွားသလိုတော့ စိတ် လက်ပေါ့ပါးသွားသည် ။

သိန်းသိန်းသည် ကျွန်တော့်ဘေးတွင် ရှက်ရွံ့စွာပြုံး၍ ခေါင်းငုံ့လျက်နေပါသည် ။ လုံမပျိုလေးပမာ သူ့ပေါင်ထဲကို သူ့လက်ဖဝါးဖြင့် ပွတ်သပ်နေပါသည် ။ ကျွန်တော်သည် သူ့ကို သနားပြီးရင်း သနား ဖြစ်သွားပါသည် ။ သူနှင့်ပတ်သက်၍ ဘယ်တုန်းကမျှ အနိုင် မယူတတ်ခဲ့သော ကျွန်တော်သည် အခုလို

အနိုင်ရနေသည့်အချိန်၌ ပင် သူ့ကို အရှုံးမပေး လိုသည့်တိုင် တန်းတူတော့ ထားချင်ပါသည် ။ ကျွန်တော့်မေးခွန်းကို ကျွန်တော် ဖြေမိပါ တော့သည် ။

‘ သိန်းသိန်းကို ကိုယ်ချစ်ပါတယ် ’

ဘယ်လောက်များ ထူးဆန်းနေပါသနည်း။

တစ်ချိန်က သည် နေရာလေးကို အလေးအမြတ်ထားပြီး သည် အချိန်ကလေးကို တယုတယ စောင့်ဆိုင်းရင်း ပြောအပ်သော ပြောချင်သောစကားလုံးပေါင်းများ စွာကို စီစဉ် သီကုံးတိုင်း အလဟဿဖြစ်ခဲ့ရသည် ။ ချစ်ရေးဆိုမည့် ကျွန်တော်က စကားအလှအပများ ဖြင့် ဝေ့သီဝန်းဝိုက်ပြီး လိုရင်းရောက်အောင် မပြောဖြစ်ခဲ့သလို ချစ်ရေးအဆိုခံရမည့် သိန်းသိန်းကလည်း သူ့ကိုသူ အထင်ကြီးခြင်း၊ အရှက်တရားကြီးခြင်းတို့ ကြောင့် ကျွန်တော့် စကားတိုင်းကို ဂျူဒို၊ ကရာတေး၊ ကိုယ်ခံကစားတို့ ဖြင့် ဖယ်ရှားပုတ်ထုတ်ပစ်ခဲ့သည် ။

ပြောမည့်ပြောဖြစ်တော့လည်း လျှောခနဲ။

* * *

ခေါင်းငုံ့ရှက်နေသော အရွယ်လွန်ဂျူးလီးယက်သည် ကျွန်တော်၏ ပြန်လည်ဆန်း သစ်နေသော အချစ်စကားကို ကြားရသောအခါ မျက်ရည်ငွေ့ဖြင့် ပြုံးပါသည် ။ သက်ပြင်း ချရင်း ဖြည်းညင်းစွာ ထရပ်လိုက်ပြီး ကျွန်တော့်ကို တွေတွေကြည့်ပါသည် ။

‘ ကျွန်မ ပျော်လိုက်တာကွယ် ’

သူ မတ်တပ်ထရပ်လိုက်ခြင်းမှာ ပြန်ကြစို့ဟူသော အဓိပ္ပာယ်ဟု ကျွန်တော် နား လည်ပါသည် ။

ဟုတ်ကဲ့။ သည့်ထက်စကားအားဖြင့်လည်း ကျွန်တော်တို့ ရှေ့မဆက်သင့်ကြတော့ ပြီ။ ပြန်ကြမည်ဟု ခြေလှမ်းပြင်ရတော့သည် ။ သည် တော့မှ သည် နေရာကလေးကို ကျွန်တော် လာခဲ့ရင်းအကြောင်းကို သတိရသည် ။

‘ သိန်းသိန်း ခဏနော် ’

သိန်းသိန်းသည် လက်ကလေးပိုက်လျက်ပြုံးရင်း ခေါင်းကို တဆတ်ဆတ် ညိတ်ပြ ပါသည် ။ ကျွန်တော်သည် ခပ်လှမ်းလှမ်းရှိ ကွမ်းယာသည် ထံမှ ဝါးလုံးတိုတစ်ချောင်း သွား ငှားပါသည် ။ ကျွန်တော်တို့ စောစောကစကားထိုင်ပြောခဲ့ကြသော မဲဇလီပင်ခြေရင်းသို့ ခပ်သွက်သွက်ကလေး ပြေးသွားပါသည် ။ သဘော်မဲဇလီရွက် လေးငါးဆယ်ရွက်ကို ခူးလိုက်ပါသည် ။ ကျွန်တော်၏ လှုပ်ရှားမှုတိုင်းကို သိန်းသိန်း မျက်ခြည်မပြတ်။ ကျွန်တော် ခူးပြီးသော သဘော်မဲဇလီရွက်ကလေးများကို အသေအချာ တစ်ရွက်ချင်းထပ်ပြီး သိန်းသိန်းနားသို့ ပြန်ရောက်လာပါသည် ။

‘ သွားကြစို့ ’

ကျွန်တော်တို့ အတူတွဲပြီး လမ်းလျှောက်ခဲ့ကြပါသည် ။ သိန်းသိန်းက ကျွန်တော့် လက်ထဲမှ သဘော်မဲဇလီရွက်များကို နားမလည်သလိုကြည့်ရင်း မေးပါသည် ။

‘ ဘာလုပ်ဖို့ လဲဟင် ’

ခုချိန်တွင် အမှန်အတိုင်းဖြေဖို့ ဝန်မလေး။ ကျွန်တော်ရော သူပါ အတိတ်ဆီက မကြေခဲ့သော စကားကြွေးကို ပေးချေပြီးပြီမို့ စိတ်လက်သန့်ရှင်းနေပြီမဟုတ်လား။ အတိတ် သည် ပစ္စုပ္ပန်မဟုတ်။ စိတ်ကူးသည် တကယ့်ဘဝ မဟုတ်ချေတကား။

‘ ကိုယ့်သားအကြီးကောင်အတွက်ပါ။ ဒီကောင်က ဘောင်းဘီဘယ်တော့မှ ဝတ် ပေးလို့ မရဘူး။ ဖင်တုံးလုံးနဲ့ အမြဲတမ်းလျှောက်ဆော့နေတဲ့ ကောင်။ တစ်ဖင်လုံး ပွေးတွေ ချည်းပဲ။ အင်္ဂလိပ်ဆေးလည်း မနိုင်ဘူး။ အဲဒါ ဟိုတလောတုန်းက ဆေးနည်းတစ်ခုရလာ တယ်။ ဒီသင်္ဘောမဲဇလီရွက်နဲ့ တအားပွတ်ချလိုက်ရင် ပွေးရော၊ ပွေးဘကြီးပါ မခံနိုင်ဘူး။ ပြေးရောတော့။ အဲဒါ လာခူးမယ် ခူးမယ်နဲ့ ခူးတဲ့ စခန်းကို မရောက်ခဲ့ဘူး ’

‘ ဒါဖြင့် ပွေးဝဲကုနည်းစာအုပ်တစ်အုပ်လောက်ရေးပေါ့ ကိုဦးရဲ့ ’

‘ ကိုယ့်ကို သိပ်အထင်မကြီးနဲ့ သိန်းသိန်းရေ။ ဒီနည်းက သူ့အမေ မအေးမိ ရလာ တဲ့ နည်းဗျ။ အဲဒါ သူခရီးမသွားခင်ကတည်းက ခူးပြီးလုပ်ပေးပါ၊ လုပ်ပေးပါနဲ့ ခိုင်းနေတာ၊ ခု ခရီးထွက်သွားတော့လည်း အလုပ်များ တာနဲ့ မေ့နေလို့ ။ ဒီနေ့တော့ မခူးလို့ မဖြစ်တော့ဘူး သိန်းသိန်းရဲ့ ’

‘ ဘာလို့ လဲ ’

‘ မအေးမိ ဒီမနက်ဖြန် ရောက်မှာ ဗျ။ ဒီကအပြန် သင်္ဘောဆိပ် ဆင်းကြိုရဦးမယ်။ ပြန်ရောက်လာလို့ ဒီအရွက်ကလေးမှ ခူးမထားမိရင် သူ့စကားဆိုရင် ဘယ်တော့မှ အလေး မထားဘူး ဘာညာနဲ့ ပွက်လောရိုက်ဦးမှာ သေချာတယ်။ ဟဲဟဲ . . . ကိုယ်က မိန်းမ

ကြောက်ရတယ် သိန်းသိန်းရဲ့ ’

‘ ချစ်ရတယ် မဟုတ်ဘူး လား ’

ကျွန်တော်ရော သူပါ ဟက်ဟက်ပက်ပက် ရယ်မိပါသည် ။ တက္ကသိုလ်ပရိဝုဏ် အတွင်း နှင်းထုမကွဲသေးပါ။ သို့ရာတွင် ကျွန်တော့်သွားနှင့် သွားဖုံးကို လာ၍ ထိရိုက်ကြ သော နှင်းငွေ့သည် မအေးတော့ပါဟု ထင်ပါသည် ။ ကျွန်တော့်ပါးစပ် မချမ်းတော့ပါ။ နှင်းသည် နွေး၏ ။

* * *